စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁၀/ ၂၀၂၃)　　　　　　　　　　　　၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၆) ရက်

| ၆-၇-၂၀၂၃ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂၁၀၀.၀ |
| ယူရို | ၂,၂၈၁.၀ |
| စင်္ကာပူဒေါ်လာ | ၁,၅၅၃.၇ |
| စတာလင်ပေါင် | ၂,၆၇၀.၆ |
| ဂျပန်ယန်း (၁၀၀) | ၁,၄၅၈.၈ |
| တရုတ်ယွမ် | ၂၈၉.၈၄ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၇၀ |
| အိန္ဒိယရူပီး | ၂၅.၄၄၉ |
| ကိုရီးယားဝမ် (၁၀၀) | ၁၆၁.၀၁ |
| မလေးရှား ရင်းဂစ် | ၄၅၀.၄၅ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၇၉၀ |
| ထိုင်းဘတ် | ၅၉.၈၆၃ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၈၄၀၂ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ လက်ဖက်ရည်ကြမ်း အဓိကသောက်သုံးသည့် တရုတ်နိုင်ငံ၌ အာဖရိကမှ ကော်ဖီများ ဈေးကွက်ရရှိလာ

➢ အိန္ဒိယသည် ပဲစဉ်းငုံဈေးနှုန်းကို ထိန်းသိမ်းနိုင်ရန်အတွက် ယခင်နှစ်ထက် ၃၅ ရာခိုင်နှုန်းပိုမိုပြီး တန်ချိန် ၁၂ သိန်း တင်သွင်းမည်

➢ အသားထုတ်ကုန်များ တင်သွင်းနိုင်ရန် ရုရှားမွေးမြူရေးလုပ်ငန်းများကို အိုမန်နိုင်ငံက စစ်ဆေးခဲ့

- **အထွေထွေသတင်းများ**

➢ နှစ်နိုင်ငံ ကုန်သွယ်ရေးသဘောတူစာချုပ်အတွက် ညှိနှိုင်းမှုများစတင်ရန် အိန္ဒိယနှင့် ဖိလစ်ပိုင်နိုင်ငံတို့ သဘောတူညီမှုရရှိ

➢ ရုရှားအစိုးရက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် ဗီဇာထုတ်ပေးမှု လွယ်ကူစေရေး လေ့လာမည်

## လက်ဖက်ရည်ကြမ်းအဓိကသောက်သုံးသည့် တရုတ်နိုင်ငံ၌ အာဖရိကမှ ကော်ဖီများ ဈေးကွက်ရရှိလာ

လက်ဖက်ရည်ကြမ်းသောက်သုံးသည့် ယဉ်ကျေးမှုဓလေ့ထွန်းကားသော တရုတ်နိုင်ငံ၌ ကော်ဖီကြိုက်နှစ်သက်မှုသည် လျင်မြန်စွာ ကြီးထွားလာပြီး e-commerce platform ဖြစ်သည့် Meituan ၏ အချက်အလက်များအရ တရုတ်ကော်ဖီလုပ်ငန်းသည် ၂၀၂၂ ခုနှစ်တွင် ယွမ် (၂၀၀) ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၇.၈ ဘီလီယံခန့်) ရှိခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် ယွမ် (၃၆၉) ဘီလီယံအထိရောက်ရှိရန် ခန့်မှန်းထားသည်ဟု Xinhua သတင်း၌ ဖော်ပြထားကြောင်း သိရှိရပါသည်။

စီချွမ်ပြည်နယ်မှ ခရီးသွားဧည့်သည် Liu Xuedan သည် ဟူနန်ပြည်နယ် မြို့တော် Changsha ရှိ Yuenn & Yang ကော်ဖီဆိုင်တွင် အီသီယိုးပီးယားမှ ကော်ဖီစေ့များကို တရုတ် oolong လက်ဖက်ရည်နှင့် ရောစပ်ထားသည့် တရုတ်လက်ဖက်ရည်အရသာကော်ဖီ၏ ထူးခြားသောရနံ့ကြောင့် အံ့အားသင့်ခဲ့ရကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ ကော်ဖီဈေးကွက်တိုးတက်လာမှုအပြင် အာဖရိကမှ လယ်ယာထွက်ကုန်များအတွက် တင်သွင်းမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ရိုးရှင်းလွယ်ကူစေရန် တရုတ်နိုင်ငံ၏ စဉ်ဆက်မပြတ်ဆောင်ရွက်မှုများသည် အာဖရိကကော်ဖီများကို တရုတ်ကော်ဖီဆိုင်များနှင့် စားသုံးသူများထံသို့ ဈေးကွက်ဝင်ရောက်ရန် အထောက်အပံ့ဖြစ်စေခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် အာဖရိကမှ လယ်ယာထွက်ကုန်များတင်ပို့သည့် ဒုတိယအကြီးဆုံး ဈေးကွက်ဖြစ်ပြီး မကြာသေးမီနှစ်များအတွင်းတွင် အီသီယိုးပီးယားမှ ကော်ဖီ၊ တန်ဇန်းနီးယားမှ သီဟိုဠ်စေ့၊ အိုင်ဗရီကို့စ်မှ ကိုကိုး၊ ကင်ညာမှ ထောပတ်သီးများ အပါအဝင် "Made in Africa" လယ်ယာထွက်ကုန် အမျိုးအစားများကို တရုတ်နိုင်ငံတစ်ဝှမ်းရှိ စတိုးဆိုင်များပေါ်တွင် ပိုမိုမြင်တွေ့လာရကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံတွင် ကော်ဖီသောက်သုံးမှုသည် တဖြည်းဖြည်းတိုးတက်လာလျက်ရှိပြီး ကော်ဖီသောက်သုံးသူများ အထူးသဖြင့် လူငယ်အများစုသည် ကော်ဖီစက်များကို ဝယ်ယူ၍ ကော်ဖီဖျော်နည်းသင်တန်းများသို့ တက်ရောက်ကြသည်ဟု ကော်ဖီထုတ်ကုန်များကို ကုန်သွယ်သည့် Cash Coffee ကုမ္ပဏီကို တည်ထောင်သူ Yao Siyi က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Cash Coffee လုပ်ငန်း၌ အသုံးပြုသော ကော်ဖီစေ့အားလုံး၏ ထက်ဝက်ကျော်သည် အာဖရိကမှဖြစ်ပြီး အာဖရိကကော်ဖီစေ့များသည် တစ်မူထူးခြားသည့် အရသာရှိသဖြင့် ၎င်းတို့ကို အီတလီကော်ဖီစေ့များနှင့်ရောစပ်၍ အသုံးပြုသည်ဟု Yao က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။ Cash Coffee အခြေစိုက်ရာ Gaoqiao Grand Market တွင် ၂၀၂၂ ခုနှစ်တွင် ရောင်းချခဲ့သည့် ကော်ဖီစေ့ တန်ချိန် (၂,၀၀၀) ၏ (၄၀)ရာခိုင်နှုန်းခန့်ကို အာဖရိကမှ တင်သွင်းခဲ့ကြောင်း သိရှိရပါသည်။

Agribusiness & Trade

အာဖရိကမှ ကော်ဖီစေ့တင်သွင်းမှုကို မြှင့်တင်ရန် အာဖရိကကော်ဖီရောင်းဝယ်ရေး စင်တာကို တရုတ်နိုင်ငံ၌ ၂၀၂၀ ပြည့်နှစ်တွင် ဖွင့်လှစ်ခဲ့ပြီး အဆိုပါစင်တာမှတစ်ဆင့် တရုတ်ဝယ်သူများသည် ကြားခံကုန်သည်များကို ရှောင်ရှား၍ အာဖရိကလယ်သမားများနှင့် တိုက်ရိုက် စာချုပ်ချုပ်ဆိုနိုင်ခဲ့သဖြင့် ကုန်ကျစရိတ် (၃၀)ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါစင်တာသည် ပြခန်းနှင့် ဖြန့်ဖြူးရေးစင်တာတစ်ခုအဖြစ်လည်း ဆောင်ရွက်ပေးသည့်အပြင် အာဖရိက ကော်ဖီအမှတ်တံဆိပ်အသစ်များအတွက် ဈေးကွက်ရှာပေးသည့်နေရာလည်းဖြစ်ကြောင်း သိရှိရပါသည်။

Own Master (သို့မဟုတ်) Coffee Z သည် ရိုးရှင်းသော တင်သွင်းမှုလုပ်ငန်းစဉ်များမှ အကျိုးကျေးဇူးရရှိခဲ့ပြီး တရုတ်လူငယ်စားသုံးသူများကြားတွင် အာဖရိကကော်ဖီကို အသိအမှတ်ပြုမှုရရှိခဲ့သော အမှတ်တံဆိပ်တစ်ခုဖြစ်ကြောင်း၊ အဆိုပါကော်ဖီဆိုင်သည် အာဖရိကကော်ဖီစေ့များကို အဓိကအသုံးပြုပြီး ယခုအချိန်အထိ တရုတ်နိုင်ငံတွင် ဆိုင်ခွဲပေါင်း (၅၀)နီးပါး ဖွင့်လှစ်ထားကြောင်း သိရှိရပါသည်။

ကော်ဖီဆိုင်လုပ်ငန်းလုပ်ကိုင်သည့် Hunan Xiaokazhu Coffee ၏ တည်ထောင်သူ Jing Jianhua က ၎င်းတို့ကုမ္ပဏီသည် ယခုနှစ်အတွင်း ကော်ဖီဆိုင်ပေါင်း (၂၀၀)ဖွင့်လှစ်ရန် အစီအစဉ်ရှိပြီး အများစုမှာ လူငယ်များမကြာခဏ ကော်ဖီဆိုင်ထိုင်လေ့ရှိသည့် မြို့ငယ်လေးများတွင် တည်ရှိမည်ဖြစ်ကြောင်းနှင့် တရုတ်လက်ဖက်ရည်ယဉ်ကျေးမှုနှင့် ကော်ဖီယဉ်ကျေးမှု နှစ်ခုကို ပေါင်းစပ်သွားမည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Source: https://english.news.cn/20230628/e197c1c777bd4d2cb1b3cb962d34b1fc/ c.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်း

## အိန္ဒိယသည် ပဲစဉ်းငုံဈေးနှုန်းကို ထိန်းသိမ်းနိုင်ရန်အတွက် ယခင်နှစ်ထက် ၃၅ ရာခိုင်နှုန်း ပိုမိုပြီး တန်ချိန် ၁၂ သိန်း တင်သွင်းမည်

ပြည်တွင်းထုတ်လုပ်မှုကျဆင်းသောကြောင့် ပဲစဉ်းငုံဈေးနှုန်းမြင့်တက်မှုနှင့် ရင်ဆိုင်နေရသော အိန္ဒိယသည် ဈေးနှုန်းမြင့်မားမှုကို ထိန်းချုပ်နိုင်ရန်အတွက် ယခုနှစ်တွင် ယခင်နှစ်ထက် ၃၅ ရာခိုင်နှုန်းပိုမိုပြီး တန်ချိန် ၁၂ သိန်းခန့် တင်သွင်းရန် လိုအပ်မည်ဖြစ်ကြောင်း၊ အိန္ဒိယတစ်နိုင်ငံလုံးတွင် ပဲစဉ်းငုံဈေးနှုန်းမှာ ပြီးခဲ့သည့်နှစ်နှင့်နှိုင်းယှဉ်လျှင် ၂၅ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ပြီး ၁ ကီလိုဂရမ်လျှင် ရူပီးငွေ ၁၂၈.၆၆ ထိ ရောက်ရှိခဲ့ကြောင်း၊ သို့ရာတွင် ပဲစဉ်းငုံတင်သွင်းမှုများ စတင်ပါက

ဈေးနှုန်းများ ပြန်လည်ကျဆင်းသွားမည်ဟု စားသုံးသူရေးရာဌာန အတွင်းဝန်ဖြစ်သူ Rohit Kumar Singh က သတင်းမီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

ပဲစဉ်းငုံ၏ ပြည်တွင်းထုတ်လုပ်မှုမှာ ပြီးခဲ့သည့်နှစ်က တန်ချိန် ၃၉ သိန်း ထွက်ရှိသော်လည်း ၂၀၂၂-၂၀၂၃ ရာသီချိန်တွင် တန်ချိန် ၃၀ သိန်းအောက်သို့ ကျဆင်းခဲ့ပါကြောင်း၊ အိန္ဒိယနိုင်ငံ၏ နှစ်စဉ် ပဲစဉ်းငုံစားသုံးမှုမှာ တန်ချိန် ၄၄ သိန်း နှင့် ၄၅ သိန်းကြား ရှိပါကြောင်း၊ ထို့ကြောင့် ပဲစဉ်းငုံကို နှစ်စဉ် ပြည်ပမှတင်သွင်းရပြီး ယခုနှစ်တွင် ပိုမိုတင်သွင်းရန် လိုအပ်မည်ဖြစ်ပါကြောင်းနှင့် တန်ချိန် ၁၂ သိန်း တင်သွင်းသွားမည် ဖြစ်ပါကြောင်း၊ ယခုအချိန်ထိ မြန်မာနိုင်ငံနှင့် အာဖရိကအရှေ့ပိုင်း နိုင်ငံများမှ တန်ချိန် ၉ သိန်း နီးပါး တင်သွင်းထားပြီးဖြစ်ပါကြောင်း၊ အာဖရိကနိုင်ငံများမှ သီးနှံများမှာ ရိတ်သိမ်းချိန်နီးနေပြီး ဩဂုတ်လတွင် အိန္ဒိယဈေးကွက်သို့ ရောက်ရှိလာမည်ဖြစ်သဖြင့် ပြည်တွင်းဈေးနှုန်းများ ပြန်လည်ကျဆင်းလာနိုင်သည်ဟု Kumar က ပြောကြားထားကြောင်း သိရှိရပါသည်။

ပဲစဉ်းငုံဈေးနှုန်းကို ထိန်းချုပ်နိုင်ရန်အတွက် အစိုးရအနေဖြင့် နည်းလမ်းမျိုးစုံ ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဇွန်လ ၂ ရက်နေ့တွင် ကြေညာခဲ့သည့် ကုန်သည်များ၊ ကြိတ်ခွဲသူများနှင့် တင်သွင်းသူများ၏ သိုလှောင်နိုင်မှုပမာဏ ကန့်သတ်ချက်သည် ဈေးနှုန်းထိန်းချုပ်ရေးအတွက်များစွာ အထောက်အကူပြုခဲ့ပါကြောင်းနှင့် ပဲစဉ်းငုံဈေးနှုန်း သိသိသာသာကျဆင်းခဲ့သည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ ထို့အပြင် အစိုးရက အရန်သိုလှောင်ထားသည့် တန်ချိန် ၅ သောင်းကို ဈေးကွက်အတွင်း ဖြန့်ဝေပေးရန်ဆုံးဖြတ်ခဲ့ခြင်းသည်လည်း ဈေးနှုန်းကြီးမြင့်ကို လျှော့ချပေးနိုင်ခဲ့သည့် အချက်တစ်ချက်ဖြစ်သည်ဟု Kumar က ပြောကြားခဲ့ကြောင်းလည်း ဖော်ပြထားပါသည်။

ထို့အပြင် အိန္ဒိယတစ်နိုင်ငံလုံးတွင် မတ်ပဲဈေးနှုန်းများမှာ ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၇.၂၂ ရာခိုင်နှုန်းခန့် ကြီးမြင့်ခဲ့ပြီး ဇွန်လ ၂၈ ရက်နေ့တွင် ၁ ကီလိုဂရမ် ဈေးနှုန်းမှာ ရူပီး ၁၁၁.၇၇ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှ သိုလှောင်၍ ဈေးကစားခြင်းကြောင့်ဖြစ်ပြီး ယခုအခါ မိုးရာသီစတင်ပြီဖြစ်သဖြင့် ဆက်လက်သိုလှောင်ထားနိုင်ခြင်းရှိမည်မဟုတ်ဘဲ တင်သွင်းမှုများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊ အဆိုပါ ပဲများကို တခြားသောနိုင်ငံများမှ စားသုံးခြင်းမရှိသဖြင့် မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသို့သာ ရောင်းချရမည်ဖြစ်ပါကြောင်းနှင့် မိမိတို့၏ သီးနှံများလည်း အသစ်ထွက်ရှိတော့မည်ဖြစ်သဖြင့် ဈေးနှုန်းမှာ ပြန်လည်ကျဆင်းသွားမည်ဖြစ်ကြောင်းလည်း စားသုံးသူရေးရာဌာန အတွင်းဝန်က ထပ်လောင်းပြောကြားထားပါသည်။

ပဲတီစိမ်း ဈေးနှုန်းမှာလည်း ပြီးခဲ့သည့်နှစ်ထက် ၇.၀၇ ရာခိုင်နှုန်း တက်ခဲ့ပြီး ဇွန်လ ၂၈ ရက်က ၁ ကီလိုဂရမ်လျှင် ၁၀၉.၂၃ ရူပီးထိ ရှိခဲ့ပါကြောင်း၊ သို့ရာတွင် ယခုနှစ်တွင် ပြည်တွင်းထွက်ရှိမှုတိုးတက်လာမည်ဟု ခန့်မှန်းထားသဖြင့် ဈေးနှုန်းများ ကျဆင်းသွားမည်ဖြစ်ကြောင်း၊ ပဲနီလေး

Agribusiness & Trade

ဈေးမှာမူ ပြီးခဲ့သည့်နှစ်ထက် ၅ ရာခိုင်နှုန်းထက် လျော့နည်းပြီး ဇွန် ၂၈ ရက်နေ့တွင် ၁ ကီလိုဂရမ်လျှင် ၉၁.၇၈ ရူပီး ဖြစ်ခဲ့ပါကြောင်း၊ ပဲနီလေးမှာလည်း ပြည်တွင်းထုတ်လုပ်မှုမှာ တန်ချိန် ၁၆ သိန်းခန့်သာရှိပြီး ပြည်းတွင်းစားသုံးမှု တန်ချိန် ၂၂ သိန်းထက်လျော့နည်းသဖြင့် ပြည်ပမှ တန်ချိန် ၆ သိန်းခန့် တင်သွင်းရပါကြောင်း၊ သို့ရာတွင် ပဲစဉ်းငုံနှင့် မတူသည့်အချက်မှာ ပဲနီလေးကို ကနေဒါနှင့်ဩစတြေးလျနိုင်ငံတို့မှ တင်သွင်းခြင်းဖြစ်ပြီး ယင်းနိုင်ငံတို့တွင် အထွက်နှုန်းကောင်းမွန်သဖြင့် ဈေးကွက်တွင်ပေါ်များစွာ ဝယ်ယူနိုင်သဖြင့် ဈေးနှုန်းမှာ ယခုထက်ပိုမို ကျဆင်းနိုင်ပါကြောင်း၊ အိန္ဒိယအနေဖြင့် ၂၀၂၂-၂၀၂၃ ရာသီချိန်တွင် ပဲနီလေးတန်ချိန် ၁၁ သိန်း တင်သွင်းထားကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံတွင် ပဲမျိုးစုံ စားသုံးမှု၏ ၄၆ ရာခိုင်နှုန်းမှာ ကုလားပဲဖြစ်သော်လည်း တစ်နှစ်ပတ်လုံး ဈေးနှုန်းတည်ငြိမ်လျက်ရှိပါကြောင်း၊ အိန္ဒိယနိုင်ငံ၏ နေရာဒေသအပေါ်မူတည်၍ ပဲအမျိုးအစားကြိုက်နှစ်သက်မှု ကွာခြားသကဲ့သို့ ပဲမျိုးစုံ၏ဈေးနှုန်းသည်လည်း စားသုံးသူများအပေါ် အထူးသက်ရောက်မှုရှိသဖြင့်  ပဲဈေးကွက်တစ်ခုလုံးကို ခြုံငုံ၍ အစဉ်တစိုက် လေ့လာစောင့်ကြည့် လျှက်ရှိသည်ဟု စားသုံးသူရေးရာဌာန အတွင်းဝန်က ပြောကြားထားကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

Source: India to import 35 pc more tur dal at 12 lakh tons to check prices, The Economic Times

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

.........................................................................................................

## အသားထုတ်ကုန်များ တင်သွင်းနိုင်ရန် ရုရှားမွေးမြူရေးလုပ်ငန်းများကို အိုမန်နိုင်ငံက စစ်ဆေးခဲ့

အိုမန်နိုင်ငံမှ ကိုယ်စားလှယ်များသည် အသားထွက်ကုန်များတင်သွင်းနိုင်မှု တိုးမြင့်လာစေရန် ရုရှားမွေးမြူရေးလုပ်ငန်းများအား စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ ယေဘုယျအားဖြင့် ၎င်းတို့သည် ရုရှားနိုင်ငံမှ အသားထွက်ကုန်များတင်သွင်းရုံသာမက ပြန်လည်ပြုပြင် ထုတ်လုပ်ခြင်းပါ စိတ်ဝင်စားလျက်ရှိကြောင်း ရုရှား-အိုမန်စီးပွားရေးကောင်စီ၏ အမှုဆောင် ဒါရိုက်တာ Mr. Vladimir Dergachev က RIA သတင်းဌာန၏ အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။

၂၀၁၈ ခုနှစ်တွင် အိုမန်နိုင်ငံ၏ စိုက်ပျိုးရေးဝန်ကြီးက ရုရှားနိုင်ငံမှ မွေးမြူရေးတိရစ္ဆာန်များ (ကျွဲ၊ နွား) တင်သွင်းရန်သာမက နိုင်ငံတွင်း၌ စည်သွပ်ဗူးလုပ်ငန်းများ ထုတ်လုပ်ရာတွင်လည်း  စိတ်

ဝင်စားမှုရှိကြောင်း၊ ရုရှားနိုင်ငံမှ စိုက်ပျိုးရေးနည်းပညာအသစ်များ၊ သိုလှောင်ရုံများ တည်ဆောက်ခြင်းဆိုင်ရာနည်းပညာများ၊ ကောက်ပဲသီးနှံနှင့်ပတ်သက်သည့် ပူးတွဲကုမ္ပဏီ တည်ထောင်ခြင်းလုပ်ငန်းများလည်း စိတ်ဝင်စားလျက်ရှိပါကြောင်း ပြောကြားခဲ့ဖူးသည်ဟု Dergachev က မှတ်ချက်ပြုသည်။ အိုမန်နိုင်ငံအနေဖြင့် အေးခဲတူနာငါးများကို ရုရှားနိုင်ငံသို့ တင်ပို့နိုင်ရေး ကမ်းလှမ်းထားပြီး ပြည်တွင်းငါးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် လိုအပ်ကြောင်း အလေးပေး ပြောကြားထားသည်။ သို့သော်လည်း ၎င်းတို့ ဆောင်ရွက်မည့်ကိစ္စရပ်များသည် အကောင်အထည် ပေါ်လာနိုင်ခြင်း မရှိသေးပါကြောင်း Dergachev ပြောကြားခဲ့သည်။

Dergachev မှ ထိုကဲ့သို့ ရပ်တန့်နေသည့်ကိစ္စရပ်များ အကောင်အထည်ပေါ်လာစေရေး ၎င်းအနေဖြင့် အလေးပေးစဉ်းစားလျက်ရှိပါကြောင်း၊ လက်ရှိတွင် အသားထုတ်ကုန်များ တင်ပို့မှုတိုးမြင့်လာစေရန်အတွက် အိုမန်နိုင်ငံ၏ အသိအမှတ်ပြုလက်မှတ်များရရှိရန် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို စစ်ဆေးလျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။

အိုမန်နိုင်ငံသည် ရုရှားနိုင်ငံမှ စိုက်ပျိုးရေးထွက်ကုန်များ အထူးသဖြင့် သကြား၊ နို့ထွက်ပစ္စည်း၊ ဆန်နှင့် မုယောစပါး အစရှိသည်တို့အား တင်သွင်းခဲ့ပြီး ယခုအချိန်ထိ ဆက်လက်တင်သွင်းလျက်ရှိပါကြောင်းနှင့် အစဉ်အမြဲလက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကိုလည်း Dergachev မှ အလေးပေးပြောကြားခဲ့ပါသည်။

Source : https://ria.ru/20230701/oman-1881614224.html

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Agribusiness & Trade

## နှစ်နိုင်ငံ ကုန်သွယ်ရေးသဘောတူစာချုပ်အတွက် ညှိနှိုင်းမှုများစတင်ရန် အိန္ဒိယနှင့် ဖိလစ်ပိုင်နိုင်ငံတို့ သဘောတူညီမှုရရှိ

အိန္ဒိယနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့အကြား ကုန်သွယ်ရေးသဘောတူညီစာချုပ်အတွက် ညှိနှိုင်းမှုများစတင်ရန် ကြာသပတေးနေက သဘောတူညီခဲ့ကြကြောင်း၊ အထူးသဖြင့် တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံ၏ ခြိမ်းခြောက်မှုများ ကြီးမားလာသည့်ကာလတွင် ပင်လယ်ပြင် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းမှုများဆောင်ရွက်ရန် သံန္နိဋ္ဌာန်ပြုခဲ့ကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီးဌာနအတွင်းဝန် Enrique A Manalo နှင့် အိန္ဒိယ ပြည်ပရေးရာဝန်ကြီး S Jaishankar တို့အကြား အသေးစိတ်ဆွေးနွေးခဲ့ကြပြီးနောက် ၂၀၁၆ ခုနှစ်တွင် ကုလ

သမဂ္ဂ အနုညာတခုံရုံးကချမှတ်ခဲ့သည့် တောင်တရုတ်ပင်လယ်အရေး ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ချက်များကို နှစ်ဖက်လုံးက အလေးအနက်ထား ပြောကြားခဲ့ကြကြောင်း သိရှိရပါသည်။

အိန္ဒိယနှင့် ဖိလစ်ပိုင်နိုင်ငံတို့အကြား ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှာ တိုးတက်လျှက်ရှိပြီး ပြီးခဲ့သည့် ဇန်နဝါရီလတွင် ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၃၇၅ မီလီယံတန်ဖိုးရှိ ဘရာမိုစ် ခရုစ် မဆိုင်း (BrahMos Cruise Missile)အတွက် ဘက်ထရီ ၃ လုံးကို အိန္ဒိယနိုင်ငံမှ ဝယ်ယူခဲ့ကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားချက်များအရ သိရှိရပါသည်။

နှစ်နိုင်ငံပူးတွဲထုတ်ပြန်ကြေညာချက်တွင် အိန္ဒိယနှင့် ဖိလစ်ပိုင်နှစ်နိုင်ငံသည် အင်ဒို-ပစိဖိတ်ဒေသကို လွတ်လပ်ပွင့်လင်းစေရေးတိုးမြှင့်ဆောင်ရွက်ရန်၊ တောင်တရုတ်ပင်လယ်အရေး ကိစ္စအပေါ်တွင် ကုလသမဂ္ဂ ပင်လယ်ပြင်ဆိုင်ရာဥပဒေ (UNCLOS)နှင့် အနုညာတခုံရုံး ဆုံးဖြတ်ချက်ကဲ့သို့သော နိုင်ငံတကာ ဥပဒေများကို လေးစားလိုက်နာဆောင်ရွက်ရန်နှင့် အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းရန် လိုအပ်ကြောင်းတို့ကို အလေးထားဖော်ပြထားကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့အကြား တောင်တရုတ်ပင်လယ်အတွင်း နယ်နိမိတ်အငြင်းပွားမှုတွင် ကုလသမဂ္ဂ အနုညာတခုံသမာဓိရုံးက ဖိလစ်ပိုင်ကို အသာစီးပေးခဲ့သော်လည်း တရုတ်နိုင်ငံက အဆိုပါဆုံးဖြတ်ချက်ကို လက်ခံရန် ငြင်းဆိုခဲ့ပါကြောင်း၊ ထို့ကြောင့် ဟိုက်ဒရိုကာဗွန်များစွာထွက်ရှိသည့် တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံနှင့် ဖြစ်ပွားနေသည့် အငြင်းပွားမှုများနှင့် စပ်လျဉ်း၍ ကမ္ဘာ့နိုင်ငံအသီးသီးက စိုးရိမ်မှုများမြင့်တက်လျှက် ရှိပါကြောင်းနှင့် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ဘရူနိုင်းစသည့် ဒေသတွင်းနိုင်ငံများစွာနှင့် နယ်နိမိတ် အငြင်းပွားမှုများ ဖြစ်ပေါ်လျှက်ရှိကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးက ယခုကျင်းပသည့် ငါးကြိမ်မြောက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးပူးတွဲကော်မရှင်အစည်းအဝေးသည် ပြီးပြည့်စုံပြီး ရလဒ်ကောင်းများစွာရရှိခဲ့ဟုပြော ကြားထားပြီး နှစ်နိုင်ငံပူးတွဲကြေညာချက်တွင် ဖိလစ်ပိုင်နိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာလိုအပ်ချက်များအတွက် အိန္ဒိယနိုင်ငံမှ ချေးငွေများပေးအပ်နိုင်ရေး စဉ်းစားရန်၊ ပင်လယ်ပြင်စိုးမိုးရေးနှင့် လုံခြုံရေးအတွက် ပူးတွဲလေ့ကျင့်ခန်းများပြုလုပ်ရန်၊ သင်တန်းများ ပိုမိုဆောင်ရွက်ရန်နှင့် မနီလာမြို့၌ စစ်သံရုံး ရုံးခွဲဖွင့်လှစ်ရေးအပါအဝင် ကာကွယ်ရေးကဏ္ဍတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ ပါရှိကြောင်း ဖော်ပြထားပါသည်။

Agribusiness & Trade

ထို့အပြင် အိန္ဒိယပြည်ပရေးရာဝန်ကြီးနှင့် ဖိလစ်ပိုင်နိုင်ငံခြားရေးအတွင်းဝန်တို့သည် နှစ်နိုင်ငံကုန်သွယ်မှုသည် တိုးတက်လျှက်သည့်အတွက် နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူညီချက် စာချုပ်ချုပ်ဆိုနိုင်ရေး ညှိနှိုင်းမှုများစတင်ရန် သဘောတူညီခဲ့ကြပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဘီလီယံကျော်အထိ ပထမဆုံးအကြိမ် အဖြစ်ရောက်ရှိခဲ့ကြောင်း ဖော်ပြထားပါသည်။

ပူးတွဲကြေညာချက်တွင် ခရီးသွားလာမှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကြား ပြည်သူအချင်းချင်း အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံ အကျဉ်းသားလဲလှယ်ရေးစာချုပ်နှင့် အမှုအခင်းများအတွက် ဥပဒေရေးရာ အပြန်အလှန်အကူအညီပေးအပ်နိုင်ရေး စာချုပ်အတွက် ညှိနှိုင်းမှုများဆောင်ရွက်ရန်တို့လည်း ပါရှိကြောင်း သိရှိရပါသည်။

ယခုအစည်းအဝေးတွင် ကာကွယ်ရေး၊ ပင်လယ်ပြင်လုံခြုံရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် နိုင်ငံဖြတ်ကျော် မှုခင်းကိစ္စရပ်များနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတွင် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ကျန်းမာရေးနှင့် ဆေးဝါး၊ ခရီးသွားလာမှု၊ လေကြောင်းဝန်ဆောင်မှု၊ လယ်ယာစိုက်ပျိုးရေး၊ ငွေကြေးဆိုင်ရာနည်းပညာ၊ သိပ္ပံနည်းပညာနှင့် အာကာသနည်းပညာတို့တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများပါဝင်ပါကြောင်းနှင့် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းဝန်သည် ယခု ဆွေးနွေးပွဲအတွက် ၄ ရက်ကြာခရီး လာရောက်လျှက်ရှိကြောင်း The Economic Times သတင်းစာက ဖော်ပြထားပါသည်။

Source : India, Philippine decide to commence negotiations on bilateral trade pact, Business Standard Newspaper, 29 June, 2023.

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

.............................................................................................................

## ရုရှားအစိုးရက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် ဗီဇာထုတ်ပေးမှု လွယ်ကူစေရေး လျှော့လာမည်

ပြည်ပစီးပွားရေးလုပ်ငန်းရင်းနှီးမြှုပ်နှံသူများနှင့် အဆင့်မြင့်ပညာရှင်များ ရုရှားနိုင်ငံသို့ဝင်ရောက်လာသည့်အခါ ကြုံတွေ့ရသည့် အခက်အခဲများမဖြစ်ပေါ်စေရေး၊ အလုပ်လုပ်ကိုင်ခွင့်ရရှိရေးနှင့် ဗီဇာထုတ်ပေးရေးလုပ်ငန်းများ လွယ်ကူလျှင်မြန်စွာဆောင်ရွက်နိုင်ရန်အတွက် အစိုးရအဖွဲ့၏ အကြီးအကဲများအနေဖြင့် နိုင်ငံ၏ လူဝင်မှုဥပဒေကို ယခုနှစ်၏ ဩဂုတ်လ ၁ ရက်နေ့တွင်

Agribusiness & Trade

အပြီး ပြန်လည်လေ့လာသုံးသပ်ရန် ရုရှားသမ္မတ ဗလာဒီမာပူတင်က ရုရှားထိပ်သီးအကြီးအကဲများ နှင့် ရုရှားနိုင်ငံလုံးဆိုင်ရာ အဖွဲ့အစည်းများအကြား ပြုလုပ်ခဲ့သည့် Business Russia အစည်းအဝေး အပြီးတွင် ညွှန်ကြားခဲ့ပါသည်။

အဆိုပါအစည်းအဝေးမတိုင်မီ အဇာဘိုင်ဂျန်နိုင်ငံဆိုင်ရာ Business Russia အဖွဲ့၏ ရုရှား စီးပွားရေးသံအမတ်ဖြစ်သူ Yuri Danilov မှ သက်တမ်းထပ်မံတိုးနိုင်သည့် သုံးနှစ်သက်တမ်းရှိ ပြည်ပ ရင်းနှီးမြှုပ်နှံသူများအတွက် အကြိမ်ကြိမ်ပြည်ဝင်ခွင့်ဗီဇာအသစ်အား စတင်ဆောင်ရွက်နိုင်ရေး အဆို ပြုခဲ့ပါကြောင်း၊ ယခုအချိန်တွင် လက်ရှိဥပဒေအရ ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် သက်တမ်းတစ်နှစ် အများဆုံးရှိသည့် ဗီဇာသာရရှိနိုင်သေးကြောင်း ၎င်းမှ ပြောကြားခဲ့ပါသည်။

Source : https://ria.ru/20230630/vizy-1881543892.html

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

.............................................................................................................

Agribusiness & Trade